# ၂၀၁၉/၂၀၂၀ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

## ရောင်းချ၊လဲလှယ်၊လွှဲပြောင်းခြင်းအလိုက်တင်သွင်းသည့် အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာ

**(အခွန်ကြေညာလွှာကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်နိုင်ရန် ညွှန်ကြားချက်ကို ဖတ်ရှုပေးပါ။)**

**(၂၀၁၉/၂၀၂၀ ဝင်ငွေနှစ်အတွင်း အခြေပစ္စည်းမှမြတ်စွန်းသည့် ရောင်းချ၊လဲလှယ်၊လွှဲပြောင်းသည့်နေ့မှ ရက် ၃၀ အတွင်း တင်သွင်းရမည်ဖြစ်သည်။ )**

| | |
|---|---|
| အခြေပစ္စည်း ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းသည့်နေ့ | (ရက်/လ/နှစ်)________________________________ |
| အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက် | **က။ အခွန်ထမ်းအမျိုးအစား :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ တစ်ဦးချင်းပုဂ္ဂိုလ် ☐ ပုဂ္ဂိုလ်စု ☐ ကုမ္ပဏီ<br>☐ အခြေခံသမဝါယမအသင်း (Primary Co-operative)<br>☐ အခြားသမဝါယမအသင်း (Non-primary Cooperative)<br>☐ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း<br>**ခ။ နေထိုင်မှု :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ မြန်မာနိုင်ငံသား ☐ ပြည်ပနေနိုင်ငံသား<br>☐ ပြည်ပနေနိုင်ငံခြားသား<br>☐ ပြည်တွင်းနေနိုင်ငံခြားသား – တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်ပါက ဝင်ငွေနှစ် အတွင်းမြန်မာနိုင်ငံတွင် နေထိုင်သော ရက်စုစုပေါင်းကို ဖော်ပြပါ ► ______<br>**ဂ။ နိုင်ငံအမည် (အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင် နိုင်ငံဖြစ်ပါက) ) ►** ____________________<br>**ဃ။ သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ :** ☐ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ် အထက်တွင် ဖော်ပြထားသော အခြေပစ္စည်းရောင်းချ၊ လဲလှယ်၊လွှဲပြောင်းသည့်နေ့အတွက် ပြင်ဆင်ထားသည့်ကြေညာလွှာ<br>☐ လိပ်စာပြောင်းလဲခြင်း<br>☐ ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီ |

| | | | |
|---|---|---|---|
| အမည် | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| ဇနီး(သို့)ခင်ပွန်းအမည် အပြည့်အစုံ (အိမ်ထောင်ရှိပါက) | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| စာပို့လိပ်စာ (စာပို့သင်္ကေတဖော်ပြပါ) | | | |
| | | | |
| နေရပ်လိပ်စာ | | | |
| | | | |
| | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလိပ်စာ | |
| အကောက်ခွန် IE Code | | Industry Code လုပ်ငန်းအမျိုးအစား ကုဒ်နံပါတ် | |

**အပိုင်း က**

**လက်ခံရရှိသည့် စုစုပေါင်းငွေပမာဏ**

| (က)<br>ရောင်းချ ၊ လဲလှယ်၊ လွှဲပြောင်းလိုက်သော ပိုင်ဆိုင်မှု ပစ္စည်းအမျိုးအစား | (ခ)<br>လက်ခံရရှိသည့် ငွေပမာဏ |
|---|---|
| ၁။ (က) အစုရှယ်ယာများနှင့် ငွေချေးသက်သေခံ လက်မှတ်များ (သက်ဆိုင်သော အချက်အလက်များ ရှင်းလင်းဖော်ပြရန်) | |
| | |
| | |
| (ခ) မြေယာ(သက်ဆိုင်သော အချက်အလက်များ ရှင်းလင်းဖော်ပြရန်) | |
| | |
| | |
| (ဂ) ပစ္စည်း၊ စက်ရုံပစ္စည်းနှင့် ပစ္စည်းကိရိယာ(သက်ဆိုင်သော အချက်အလက်များ ရှင်းလင်းဖော်ပြရန်) | |
| | |
| | |
| (ဃ) အခြားပိုင်ဆိုင်မှုပစ္စည်းများ(သက်ဆိုင်သော အချက်အလက်များ ရှင်းလင်းဖော်ပြရန်) | |
| | |
| | |
| **၂။ စုစုပေါင်းရရှိငွေ (ဒေါင်လိုက်ကွက် (ခ)ရှိ ၁က+၁ခ+၁ဂ+၁ဃ တို့အား ပေါင်းရန်)** | |

**အပိုင်း (ခ)**

**စုစုပေါင်း ကိုက်ညှိပြီးကုန်ကျစရိတ်**

| (က)<br>လွှဲပြောင်း၊ လဲလှယ် ၊ ရောင်းချခဲ့သော ပိုင်ဆိုင်မှုပစ္စည်း | (ခ)<br>မူလတန်ဖိုး (သို့မဟုတ် သက်ဆိုင်ရာ ကာလတန်ဖိုး) | (ဂ)<br>မူလ တန်ဖိုးအပေါ် ခွင့်ပြုထားသော ဖြည့်စွက် တန်ဖိုး (သို့မဟုတ် သက်ဆိုင်ရာ ကာလတန်ဖိုး) | (ဃ)<br>ယခုနှစ်နှင့် ယခင်နှစ်များ အတွက် စုစုပေါင်း တန်ဖိုးလျော့ | (င)<br>စုစုပေါင်း |
|---|---|---|---|---|
| ၁။ (က) အပိုင်း (က) မှ အစုရှယ်ယာများနှင့် ငွေချေးသက်သေခံ လက်မှတ်များ | | | | |
| (ခ) အပိုင်း (က)မှ မြေယာ | | | | |
| (ဂ) အပိုင်း (က)မှ ပစ္စည်း၊ စက်ရုံပစ္စည်းနှင့် ပစ္စည်းကိရိယာ | | | | |
| (ဃ) အပိုင်း(က)မှ အခြားပိုင်ဆိုင်မှုပစ္စည်းများ | | | | |
| ၂။ ဒေါင်လိုက်ကွက် (ခ)၊ (ဂ) နှင့် (ဃ)တို့ရှိ ပမာဏများအား တစ်ခုစီ ပေါင်းပါ။ | | | | |
| ၃။ အလျားကွက် ၂ မှ ဒေါင်လိုက်ကွက် (ခ) နှင့် (ဂ) ရှိ ပမာဏ များအား ပေါင်းပါ။ | | | | |
| ၄။ အလျားကွက် ၂ ဒေါင်လိုက်ကွက် (ဃ)မှ ပမာဏကို ဖြည့်ပါ။ | | | | |
| **၅။ စုစုပေါင်းကိုက်ညှိပြီးကုန်ကျစရိတ်။** အလျားကွက် ၃ မှ အလျားကွက် ၄ အား နုတ်ပါ။ | | | | |

**အပိုင်း (ဂ)**

**အခြေပစ္စည်းမှ မြတ်စွန်းငွေ နှင့် ကျသင့် အခွန်**

| | |
|---|---|
| **၁။ စုစုပေါင်းရောင်းရငွေ ။** (အပိုင်း(က)၊ အလျားကွက် ၂ မှ ငွေပမာဏကို ဖြည့်ပါ။) | |
| **၂။ စုစုပေါင်းကိုက်ညှိပြီးကုန်ကျစရိတ်။** (အပိုင်း (ခ )၊ အလျားကွက် ၅ ရှိ ငွေပမာဏကို ဖြည့်ပါ။) | |

| | |
|---|---|
| ၃။ **အခြေပစ္စည်းမှ မြတ်စွန်းငွေ။** အလျားကွက် ၁ မှ အလျားကွက် ၂ ကိုနှုတ်ပါ။ (သုည (သို့မဟုတ်) သုညအောက် လျော့နည်းလျှင် သုည “၀” **ကို**ဖြည့်ပါ။ ဤနေရာမှစ၍ ကျန်ဇယားများဖြည့်ရန်မလိုပါ။ အခြေပစ္စည်းမှ မြတ်စွန်းငွေမရှိသဖြင့် အခွန်ပေးဆောင်ရန်မလိုအပ်ပါ။ ) | |
| ၄။ **ကျသင့်သောအခွန်ပမာဏ။** (အလျားကွက် ၃ x ၁၀%) **ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီ များအတွက် ကျသင့်မည့် အခွန်နှုန်းများအား ညွှန်ကြားချက်တွင် ကြည့်ပါ။** (ကြိုတင်ခွန်ပေးသွင်းခဲ့သော ဘဏ်ငွေသွင်းချလံ ပူးတွဲတင်ပြရန်။) | |
| ၅။ **ပေးဆောင်ထားသော ကြိုတင်ခွန်စုစုပေါင်း** | |
| ၆။ **ယခုနှစ်သို့ သယ်ယူလာသော ယခင်နှစ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏ** | |
| ၇။ **ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၅ နှင့် အလျားကွက် ၆ တို့ကို ပေါင်း၍ ရသည့်ရလဒ်ကို အလျားကွက် ၄ မှ နှုတ်ပါ။ ၀ (သို့မဟုတ်) ၀ အောက်နည်းပါက (၀) ဟု ဖြည့်ပါ။ | |
| ၈။ **ပို၍ပေးဆောင်ထားသော ပမာဏ။** အလျားကွက် ၅ နှင့် အလျားကွက် ၆ တို့ကို ပေါင်း၍ ရသည့်ရလာဒ်မှ အလျားကွက် ၄ ကို နှုတ်ပါ။ ၀ (သို့မဟုတ်) ၀ အောက် လျော့နည်းပါက “၀” ဟုဖြည့်ပါ။ ပိုမိုပေးသွင်းထားခဲ့သောပမာဏကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ နှင့်အညီ ပြန်အမ်းငွေရယူလိုပါက ဤအကွက်တွင် အမှတ်ခြစ်ပါ။ ► ☐ **အကယ်၍ အမှတ်မခြစ်ထားပါက ပိုငွေကို နောင်လာမည့် အခွန်ကာလတွင် အသုံးပြုရန် ဆက်လက်သယ်ဆောင်သွားမည်။** | |

**အပိုင်း (ဃ)**

**ထပ်မံဖော်ပြလိုသောအချက်အလက်** (သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ။)

| | |
|---|---|
| ၁။ ပိုင်ဆိုင်မှုပစ္စည်းအား ဆက်စပ်အဖွဲ့အစည်းများ/ဆက်စပ်ပုဂ္ဂိုလ်များအကြား၌ လွှဲပြောင်းရောင်းချခြင်း(သို့မဟုတ်) အခြားသူများအား ကာလတန်ဖိုးအတိုင်း မရောင်းချခြင်း။ ဖော်ပြပါအချက်တိုင်းမှန်ကန်ပါက အဖွဲ့အစည်း/ပုဂ္ဂိုလ်၏ အမည်၊ လိပ်စာဖော်ပြချက်နှင့် ဆက်စပ်အဖွဲ့အစည်း/ပုဂ္ဂိုလ်နှင့် သင်၏ ပတ်သက်ဆက်နွယ်မှု။ သို့မဟုတ်ပါက ကာလတန်ဖိုးအတိုင်း ရောင်းချခြင်းမရှိသည့် အကြောင်းပြချက်အား ရှင်းလင်းပေးရန်။ | ☐ ဟုတ် ☐ မဟုတ် |
| ၂။ ပိုင်ဆိုင်မှုပစ္စည်းများအား ဆက်စပ်အဖွဲ့အစည်းများ/ဆက်စပ်ပုဂ္ဂိုလ်များအကြား၌ ဝယ်ယူရရှိခြင်း(သို့မဟုတ်) အခြားသူများထံမှ ကာလတန်ဖိုးအတိုင်း မရရှိထားခြင်း။ ဖော်ပြပါအတိုင်းမှန်ကန်ပါက အဖွဲ့အစည်း/ပုဂ္ဂိုလ်၏ အမည်၊ လိပ်စာဖော်ပြချက်နှင့် ဆက်စပ်အဖွဲ့အစည်း/ပုဂ္ဂိုလ်နှင့် သင်၏ ပတ်သက် ဆက်နွယ်မှု။ သို့မဟုတ်ပါက ကာလတန်ဖိုးအတိုင်း မရရှိရသည့် အကြောင်းပြချက်အား ရှင်းလင်းပေးရန်။ | ☐ ဟုတ် ☐ မဟုတ် |
| ၃။ ရောင်းချလိုက်သည့် ပိုင်ဆိုင်မှု ပစ္စည်းအတွက် အမှန်ကုန်ကျခဲ့သည့် တန်ဖိုးအား ကာလတန်ဖိုးဖြင့် အစားထိုးခဲ့ခြင်း။ ဖော်ပြပါအတိုင်း မှန်ကန်ပါက အစားထိုးရသည့် အကြောင်းအရင်းအား ဖော်ပြရန်။ ဥပမာ အမွေဆက်ခံခြင်း(သို့) မေတ္တာအလျောက် ပေးကမ်းခြင်းဖြင့် ရယူခဲ့ခြင်းများ | ☐ ဟုတ် ☐ မဟုတ် |

**ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက်**

**(ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအဆင့်ကိုဖြည့်သွင်းရန်မလိုပါ။)**

အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)

| | | | |
|---|---|---|---|
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ လက်မှတ် | | ရက်စွဲ (ရက်၊ လ၊ နှစ်) | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ အမည် | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| လုပ်ငန်းအမည် | | လုပ်ငန်းလိပ်စာ | |
| လုပ်ငန်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |

<table>
<tr><th colspan="5">အခွန်ထမ်း(သို့) ကိုယ်စားလှယ်၏ ကတိဝန်ခံချက်</th></tr>
<tr><td colspan="5">အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)</td></tr>
<tr><td>လက်မှတ်</td><td colspan="2"></td><td>ရက်စွဲ (ရက်၊ လ၊ နှစ်)</td><td></td></tr>
<tr><td colspan="2">ပုဂ္ဂိုလ်စု ကိုယ်စား ၊ အစိုးရအဖွဲ့အစည်းကိုယ်စား သို့မဟုတ် တရားဝင် တာဝန်ယူ မဖြေရှင်းနိုင်သောသူ ကိုယ်စား လက်မှတ်ရေးထိုးသူဖြစ်ပါက အမည်အပြည့်အစုံကိုဖော်ပြပါ။</td><td></td><td>ရာထူး</td><td></td></tr>
</table>

## ယေဘုယျ ညွှန်ကြားချက်များ

## မည်သူသည် အခြေပစ္စည်းမှမြတ်စွန်းငွေ ဝင်ငွေခွန် ကြေညာလွှာ တင်သွင်းရမည်နည်း။

မည်သူမဆို အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ ပြုလုပ်သည့်နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ထိုက်သော တန်ဖိုးရှိသည့်အပြင် မြတ်စွန်းငွေရှိပါက ဝင်ငွေကြေညာလွှာကို ပေးပို့ရမည်။ သို့ရာတွင် လွှဲပြောင်းခြင်း ဆိုရာ၌ အမွေဆက်ခံခြင်း၊ အဖိုးစားနားမပါဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ မပါဝင်ပါ။ အခြေပစ္စည်း မှမြတ်စွန်းငွေကို ဤကြေညာလွှာတွင်သာ ဖော်ပြရမည်ဖြစ်ပြီး နှစ်စဉ် တင်သွင်းရသည့် ဝင်ငွေကြေညာလွှာ တွင်မဖော်ပြရပါ။

**အခြေပစ္စည်းမှ မြတ်စွန်းငွေ** ဆိုသည်မှာ အခြေပစ္စည်းတစ်ခုအား ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ (သို့) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ရာမှရရှိသော မြတ်စွန်းငွေကိုဆိုလိုသည်။ မြတ်စွန်းငွေဆိုသည်မှာ စုစုပေါင်းရရှိသည့်တန်ဖိုးမှ ယင်းပစ္စည်းအားဖြည့်စွက်ခြင်းအတွက် ကုန်ကျသည့် မတည်စရိတ်ကို နုတ်ထားသည့် အသားတင်အမြတ်ငွေကိုဆိုလိုသည်။ အခြေပစ္စည်းဆုံးရှုံးမှုများကို အခြေပစ္စည်းမှမြတ်စွန်းငွေ သို့မဟုတ် အခြား အခွန်ပေးဆောင်ထိုက်သော ဝင်ငွေများနှင့် ခုနှိမ်၍ မရပါ။

**အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာမတည်ပစ္စည်းများကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများ ပါဝင်သည်။ ငွေချေးသက်သေခံလက်မှတ်ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ငွေချေးသက်သေခံလက်မှတ်ကို ဆိုလိုသည်။

ပြည်တွင်းနေမြန်မာနိုင်ငံသား၊ ပြည်တွင်းနေနိုင်ငံခြားသား၊ ပြည်ပနေနိုင်ငံသား၊ ပြည်တွင်းပုဂ္ဂိုလ်စုလုပ်ငန်း၊ ကုမ္ပဏီ ၊ သမဝါယမအသင်း (သို့) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတို့သည် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေရရှိသော အခြေပစ္စည်းမှမြတ်စွန်းငွေအားလုံးအပေါ် အခွန်စည်းကြပ်ထိုက်သည်။ ပြည်ပနေနိုင်ငံခြားသား သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံထားသော ပြည်ပစီးပွားရေးလုပ်ငန်းများ အတွက်မူ မြန်မာနိုင်ငံအတွင်းမှ ရရှိသော အခြေပစ္စည်းမြတ်စွန်းငွေအပေါ်တွင်သာ အခွန်စည်းကြပ်ထိုက်သည်။

## မည်သည့်ကြေညာလွှာပုံစံကို တင်သွင်းရမည်နည်း။

ဝင်ငွေနှစ်တစ်နှစ်အတွင်းပြုလုပ်သည့် အရောင်းအဝယ်**တစ်ခုချင်းစီအလိုက်ရရှိသည့်** အခြေပစ္စည်းမှမြတ်စွန်းငွေများကို ရောင်းချ၊လဲလှယ်၊ လွှဲပြောင်းခြင်းအလိုက်တင်သွင်းသည့် **အခြေပစ္စည်းမှမြတ်စွန်းငွေ**ကြေညာလွှာ အသုံးပြု၍ အစီရင်ခံတင်သွင်းနိုင်ပါသည်။ သို့မဟုတ် **ဝင်ငွေနှစ်တစ်နှစ်အတွင်းပြုလုပ်သည့်** အရောင်းအဝယ်များမှ အခြေပစ္စည်းမှမြတ်စွန်းငွေအားလုံးကို တစ်နှစ်စာလုံးအတွက် တစ်ပေါင်းတစ်စည်းတည်း တင်သွင်းလိုပါက စုပေါင်းတင်သွင်းသည့်**အခြေပစ္စည်းမှမြတ်စွန်းငွေ**ကြေညာလွှာဖြင့် တင်သွင်းနိုင်ပါသည်။ အသုံးပြုသည့်ပုံစံအလိုက် တင်သွင်းရမည့်သတ်မှတ်ချိန်သည်လည်း မတူညီပါ။

## ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်းအလိုက် တင်သွင်းသည့် အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာကို မည်သည့် အချိန်တွင် တင်သွင်းရမည်နည်း။

ဤကြေညာလွှာကို အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်သည့်နေ့မှ **(၃၀)ရက်** အတွင်း ကြေညာလွှာတင်သွင်းရမည်။ ယေဘုယျအားဖြင့် (**က**) ယင်းပစ္စည်းကို ရောင်းချခြင်း၊လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သော စာချုပ်ချုပ်ဆိုသည့်နေ့ သို့မဟုတ် (**ခ**) ယင်းပစ္စည်းကို လက်ရောက်လွှဲပြောင်းပေးသည့်နေ့တို့အနက် စောရာနေ့ကို ဆိုလို

သည်။ အကယ်၍ ကြေညာလွှာတင်သွင်းခြင်းအတွက် နောက်ဆုံးထားဆောင်ရွက်ရမည့်နေ့ရက်သည် ရုံးပိတ်ရက် သို့မဟုတ် အစိုးရကပြန်တမ်း ထုတ်ပြန်သည့် အလုပ်ပိတ်ရက်ဖြစ်ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် တင်သွင်းရမည်။

## စုပေါင်းတင်သွင်းသည့် အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာကို မည်သည့်အချိန်တွင် တင်သွင်းရမည်နည်း။

အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများပြုလုပ်သည့် ဝင်ငွေနှစ်တစ်နှစ်ကုန်ဆုံးသည့်နေ့မှ (၃)လအတွင်း တင်သွင်းရမည်။ အကယ်၍ ကြေညာလွှာတင်သွင်းခြင်းအတွက် နောက်ဆုံးထားဆောင်ရွက်ရမည့်နေ့ရက်သည် ရုံးပိတ်ရက် သို့မဟုတ် အစိုးရကပြန်တမ်း ထုတ်ပြန်သည့် အလုပ်ပိတ်ရက်ဖြစ်ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် တင်သွင်း ရမည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းတင်သွင်းသည့်ကြေညာလွှာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ နောက်ဆုံးထား တင်သွင်း ရမည်။

## အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် စည်းကြပ်သည့်အခွန်ကို မည်သည့်အချိန်တွင် ပေးသွင်းရမည်နည်း။

အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် စည်းကြပ်သည့်အခွန်ကို အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်းများ ပြုလုပ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပေးဆောင်ရမည်။ မည်သည့်အခွန်ကြေညာလွှာအမျိုးအစားကို အသုံးပြုသည်ဖြစ်စေ အခြေပစ္စည်း မှမြတ်စွန်းငွေအပေါ် ပေးဆောင်ရမည့်အခွန်ကို အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ပေးဆောင်ရမည်ဖြစ်ပြီး ရက်ပေါင်း (၃၀)အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ဒဏ်ကြေးငွေပေးဆောင် ရမည်ဖြစ်သည်။

## ဒဏ်ကြေးငွေများ

အောက်ဖော်ပြပါ ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက ပေးဆောင်ရမည့်အခွန်၏ ၁၀% နှင့် ညီမျှသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊
- အခွန်ဆိုင်ရာသတင်းအချက်အလက်ပြောင်းလဲမှုကို အကြောင်းကြားရန်ပျက်ကွက်ခြင်း၊
- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင် ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

အောက်ဖော်ပြပါ ကျူးလွန်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက ကျပ် နှစ်သိန်းငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေ ပေးဆောင်ရမည်-

- မမှန်ကန်သော သို့မဟုတ် ယင်းနှင့်မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊
- မမှန်ကန်သော ငွေတောင်းခံလွှာ သို့မဟုတ် အရောင်းပြေစာထုတ်ပေးခြင်း၊
- မမှန်ကန်သော မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စု ထုတ်ပေးခြင်း၊
- ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို အခွန်ဥပဒေ တစ်ရပ်ရပ်နှင့်အညီ မဟုတ်ဘဲ ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန် ပျက်ကွက်ခြင်း။

ကြေညာလွှာ တင်သွင်းထိုက်သူ ဖြစ်သော်လည်း သတ်မှတ်ထားသည့် ကာလအတွင်း တင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ် အနက်မှ များရာဒဏ်ကြေး ငွေကို ပေးဆောင်ရမည်-

- ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်း အတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁%၊
- ငွေကျပ်တစ်သိန်း။

ပေးဆောင်ရမည့်အခွန်ပမာဏတွင် အရစ်ကျ ပေးဆောင်ရသည့် အခွန်များလည်းပါဝင်သည်။

ကြေညာလွှာအချိန်မီတင်သွင်းခြင်း သို့မဟုတ် သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်နိုင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ အချိန်တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ သက်မှတ်ချက်များနှင့်အညီ ကြိုတင်လျှောက်ထား၍ ခွင့်ပြုချက်ရရှိပါက ဒဏ်ကြေးငွေချမှတ်ခြင်းနှင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းမှ လွတ်ကင်းနိုင်ပါသည်။

ကြေညာလွှာတွင် မမှန်ကန်သော ဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားခဲ့သော အကြောင်းအချက်တစ်ခုခုနှင့် စပ်လျဉ်း၍ အခွန်ကို လျှော့နည်း ပေးဆောင်ခဲ့ခြင်း သို့မဟုတ် လျှော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး အဆိုပါ ဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင် ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ် ပါက အောက်ဖော်ပြပါ ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေးဆောင် ရမည်-

- လျှော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ် သိန်း ၁၀၀၀ ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀% ထက် ကျော်လွန်လျှင် လျှော့ နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅%၊
- အထက်ပါ အချက်နှင့် အကျုံးမဝင်ပါက လျှော့နည်း ပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅%။

မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်ကို တင်ပြသဖြင့် စည်းကြပ်မှုပြုလုပ်ရာတွင် အမှတ်ပေးဆောင်ရန် တာဝန်ရှိသော အခွန်အောက် လျော့နည်းပေးဆောင်ခဲ့ဖွယ် ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ် ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေ တစ်သိန်းငါးသောင်းအပြင် အောက်ပါဒဏ်ကြေးငွေတို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- အမှန်ကျသင့်သည့်အခွန်နှင့် လျော့နည်းစည်းကြပ်ခဲ့နိုင် ဖွယ်ရှိသည့် အခွန်တို့၏ ခြားနားသည့်ပမာဏ၊
- အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ် ရှိသည့် ငွေကြေးတို့၏ ခြားနားသည့်ပမာဏ။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေအရသော်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း လိုအပ်သည့် စာတမ်းအမှတ်အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်ချင်းစီ အတွက်ဖြစ်စေ၊ ရက်တစ်ရက်၏ တစ်စိတ်တစ်ပိုင်းအတွက် ဖြစ်စေ အောက်ဖော်ပြပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- ကျပ် ငါးသိန်းထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန် ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက် ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ် ငါးထောင်၊
- ကျပ်သိန်း ၅၀ ထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန် ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက် ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ်ငါးသောင်း၊
- ကျပ်သိန်း ၅၀ ထက် ကျော်လွန်သည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက် ဖြစ်ပွား နေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ် တစ်သိန်း။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တတိယပုဂ္ဂိုလ် ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်းအကြောင်းကြားစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်တွင် ပေးဆောင်ပြီးဖြစ်သည့် အခွန်ပမာဏတို့ အကြား ခြားနားချက် ၏ ၂၅% ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ် ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရဖြစ်စေ၊ အခွန်ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ သင့်လျော်စွာ တောင်းခံသည့် သတင်းအချက်အလက်ကို သတ်မှတ် အချိန်အတွင်း ပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

နောက်ကျပေးဆောင်ခြင်းများအတွက် အောက်ပါအတိုင်း ဒဏ်ကြေးငွေ ပေးဆောင်ရမည် ဖြစ်ပါသည်-

- စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှု အကြောင်းကြားစာပါ သတ်မှတ်ရက် တွင် ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀% နှင့် ညီမျှသည့် ပမာဏ၊
- အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ အရစ်ကျပေးဆောင်ရမည့် အခွန်အားလုံးကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ အဆိုပါအရစ်အတွက် ပေးဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀% နှင့် ညီမျှသည့် ပမာဏ။

အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် စည်းကြပ်သည့်အခွန်ကို အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်းများပြုလုပ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

ထို့ပြင် အခွန်စည်းကြပ်မှုပြုခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို သိလျက်နှင့်တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကို ရရှိရန် သိလျက်နှင့် တမင် ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ၇ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းငါးသောင်းနှင့် သက်ဆိုင်ရာကာလအတွက် ရှောင်တိမ်းခဲ့သည့် အခွန်၏ ၁၀၀% နှင့် ညီမျှသော ငွေပမာဏတို့အနက် များရာဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

အခွန်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန်အားထုတ်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်း ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## အသေးစိတ် ညွှန်ကြားချက်များ

## အခွန်ထမ်း၏ကိုယ်ရေးအချက်အလက်များ

**အထွေထွေ။** ယခုအခြေပစ္စည်းမှမြတ်စွန်းငွေများကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအလိုက် သို့မဟုတ် နှစ်အလိုက် တင်ပြရမည်။ အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအလိုက် တင်သွင်းခြင်းဖြစ်ပါက အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်စည်းကြပ်သည့် အခွန်ကြေညာလွှာကို အရောင်းအဝယ်ပြုလုပ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း တင်သွင်းရမည်။ စုပေါင်း၍ တစ်စုတစ်စည်းတည်းတင်သွင်းခြင်းဖြစ်ပါက ဝင်ငွေနှစ်

တစ်နှစ်အတွင်း (၂၀၁၉ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၀ စက်တင်ဘာလ ၃၀ ရက်) အတွင်း အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ အားလုံးကို စုပေါင်း၍ တင်ပြရမည်။

**အလျားကွက် (ဃ)** အကယ်၍ သင့်အနေဖြင့် ဤ အခွန်အပိုင်းအခြားကာလအတွင်း ယခင်တင်သွင်းခဲ့သော ကြေညာလွှာကို ပြင်ဆင်ခြင်းဖြစ်ပါက "ပြင်ဆင်ထားသည့်ကြေညာလွှာ"ဟူသည့် အကွက်တွင် အမှတ်ခြစ်ပါ။ အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်းများအလိုက် တင်သွင်းသည့်အခွန်ထမ်းများအနေဖြင့် အရောင်းအဝယ်ပြုလုပ်သည့်ရက်စွဲကို အခွန်ကြေညာလွှာ၏ ထိပ်တွင် ဖော်ပြရမည်။ သင့်အနေဖြင့် သင်၏ယခင် ကြေညာလွှာ တင်သွင်းချိန်မှစ၍ သင်၏လိပ်စာကို ပြောင်းလဲခဲ့ပါက "လိပ်စာပြောင်းလဲခြင်း" ဟူသည့် အကွက်တွင် အမှတ်ခြစ်ပါ။ ရေနံနှင့်သဘာဝဓါတ်ငွေ့ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီ ဖြစ်ပါက "ရေနံနှင့်သဘာဝဓါတ်ငွေ့ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့်ကုမ္ပဏီ" ဟူသည့် အကွက် တွင် အမှတ်ခြစ်ပါ။

### အပိုင်း(က) ၊ အထွေထွေ

နှစ်တစ်နှစ်အတွင်း သို့မဟုတ် ဇယားတွင် ဖော်ပြထားသည့်ရက်အတွင်း ပြုလုပ်သည့် အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို ဖြည့်စွက်ရန် အပိုင်း(က)တွင် နေရာမလုံလောက်ပါက ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်း တစ်ခုစီ၏ အသေးစိတ်စာရင်းတစ်ခုစီကို ပူးတွဲဖော်ပြပါ။ ပူးတွဲစာရင်းမှ စုစုပေါင်းစာရင်းချုပ်ကို အပိုင်း(က)၊ စာတိုင်(က)နှင့် (ခ)တွင် ဖော်ပြပါ။

### အပိုင်း(က) ၊ ဒေါင်လိုက်ကွက်(က)

ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ (သို့) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း တစ်ခုစီကိုဖြည့်ပါ။ (ဥပမာ။ XYZ **အာမခံ ကုမ္ပဏီ၏** အများပိုင်အစုရှယ်ယာ ၁၀၀) အမွေဆက်ခံခြင်း (သို့) မေတ္တာအလျောက်ပေးကမ်းခြင်းနှင့် လှူဒါန်းပစ္စည်းများ လွှဲပြောင်းခြင်းများ မပါဝင်ပါ။

### အပိုင်း(က) ၊ ဒေါင်လိုက်ကွက် (ခ)

လက်ခံရရှိသည့် စုစုပေါင်း ငွေပမာဏကို ဖြည့်ပါ။ အခွန်တံဆိပ်ခေါင်းကြေး၊ ပွဲစားခကော်မရှင်ခ၊ (သို့) အပိုင်း(က)ရှိ အခြားအသုံးစရိတ်များ နုတ်ရန် မလိုပါ။ ထိုအသုံးစရိတ်များကို အပိုင်း(ခ)တွင် ဖြည့်ပါ။ ပစ္စည်းလွှဲပြောင်းခြင်းပြုပါက ယင်းပစ္စည်း၏ ကာလတန်ဖိုးကို ဖော်ပြပါ။ ကာလတန်ဖိုး ဆိုရာတွင် ထိုလွှဲပြောင်းခြင်းပြုသည့်နေ့တွင် ယင်းပစ္စည်းနှင့် အလားတူ ပစ္စည်း၏တန်ဖိုးဖြစ်ပြီး မေတ္တာအလျောက် ပေးကမ်းသည်ဖြစ်စေ၊ လူအချင်းချင်း သွေးသားတော်စပ်မှုမရှိပဲ လွှဲပြောင်းသည်ဖြစ်စေ ယင်းတန်ဖိုးသည် အကျုံးဝင်သည်။

အကယ်၍ လက်ခံရရှိသည့်စုစုပေါင်းငွေပမာဏသည် နိုင်ငံခြားငွေဖြစ်ပါက ပစ္စည်းလွှဲပြောင်းရယူသည့်နေ့၌ အစိုးရမှ ထုတ်ပြန်ထားသော နိုင်ငံခြား ငွေလဲလှယ်နှုန်း အရ မြန်မာကျပ်ငွေသို့ပြောင်းလဲတွက်ချက်ရမည်။

### အပိုင်း(ခ)၊ အထွေထွေ

နှစ်တစ်နှစ်အတွင်း သို့မဟုတ် ဇယားတွင် ဖော်ပြထားသည့်ရက်အတွင်း ပြုလုပ်သည့် အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို ဖြည့်စွက်ရန် အပိုင်း(ခ)တွင် နေရာမလုံလောက်ပါက ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်းတစ်ခုစီ၏ အသေးစိတ်စာရင်းတစ်ခုစီကို ဇယားတစ်ခုတွင် ဖြည့်၍ ပူးတွဲဖော်ပြပါ။ ပူးတွဲစာရင်းမှ စုစုပေါင်းစာရင်းချုပ်ကို အပိုင်း(ခ)၊ ဒေါင်လိုက်ကွက် (ခ)၊ (ဂ)နှင့် (ဃ)တွင် ဖော်ပြပါ။

### အပိုင်း(ခ)၊ ဒေါင်လိုက်ကွက် (ခ)

အခြေပစ္စည်း၏ မူလတန်ဖိုးကို ဖြည့်ပါ။ အကယ်၍ နိုင်ငံခြားငွေ ဖြင့်ဝယ်ယူထားခြင်းဖြစ်ပါက ပစ္စည်းဝယ်ယူသည့်နေ့၌ အစိုးရမှ ထုတ်ပြန်ထားသော နိုင်ငံခြားငွေ လဲလှယ်နှုန်းအရ မြန်မာကျပ်ငွေသို့ပြောင်းလဲ တွက်ချက်ရမည်။ အခြေပစ္စည်းကို ရယူခဲ့ရာတွင် အမှန်ကုန်ကျသည့် မူလတန်ဖိုးကို တိကျစွာ မသိနိုင်လျှင်ဖြစ်စေ၊ ယင်းပစ္စည်းကို အမွေဆက်ခံခြင်း(သို့) မေတ္တာအလျောက် ပေးကမ်းခြင်းဖြင့် ရယူခဲ့လျှင် (ဒေါင်လိုက်ကွက် (ခ) တွင်ဖော်ပြထားသည့်အတိုင်း) ယင်းပစ္စည်းကို ရယူခဲ့သည့် အချိန်၌ ပေါ်ပေါက်သော ကာလတန်ဖိုးကို ယင်းအခြေပစ္စည်း၏ မူလတန်ဖိုးအဖြစ် မှတ်ယူရမည်။ အခြေပစ္စည်းတစ်ခုခုသည် ၁၉၉၇ ခုနှစ်၊ ဧပြီ ၁ရက်နေ့ မတိုင်မီ အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် မူလတန်ဖိုးကို အဆိုပါနေ့ရက်၌ ပေါ်ပေါက်သော ယင်းပစ္စည်း၏ ကာလတန်ဖိုးဟု မှတ်ယူရမည်။

### အပိုင်း(ခ) ၊ ဒေါင်လိုက်ကွက် (ဂ)

အခြေပစ္စည်းကို ရယူရာတွင်လည်းကောင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရာတွင်လည်းကောင်း ကုန်ကျသည့် စရိတ်များဖြည့်ပါ။ အခွန်တံဆိပ်ခေါင်းကြေး၊ စာရွက်စာတမ်းကြေး၊ ရှေ့နေခများ၊ ပွဲစားခများ၊ အကျိုးဆောင်ခများ၊ အဆိုပါ အခြေပစ္စည်း၏ သက်တမ်းတိုး အသုံးပြုနိုင်ရန် ကုန်ကျသည့် အသုံးစရိတ် အားလုံးပါဝင်သည်။

ဝင်ငွေခွန်မှ နုတ်ပယ်ခွင့်ရှိသော အခြေပစ္စည်းအား ပြင်ဆင်သည့် ကုန်ကျစရိတ် ကို ထည့်သွင်းခြင်းမပြုရ။ ၁၉၉၇ခုနှစ်၊ ဧပြီ ၁ရက်နေ့ မတိုင်မီ သင့်ထံသို့ အခြေပစ္စည်း တစ်ခုခုကို ရယူခြင်းရှိပါက ယင်းနေ့ရက်မတိုင်မီ ကုန်ကျထားသော ယင်းအခြေပစ္စည်းဆိုင်ရာ မတည်အသုံးစရိတ် ထည့်သွင်းရန် မလိုအပ်ပါ။

## အပိုင်း(ခ)၊ ဒေါင်လိုက်ကွက် (ဃ)

ဝင်ငွေခွန်အတွက် ရည်ရွယ်၍ ယခင်နှစ်များက နုတ်ယူခဲ့သောပမာဏ (သို့မဟုတ် နုတ်ယူရန်ရှိသော်လည်းမနုတ်ခဲ့သည့် ပမာဏ)နှင့် နုတ်ပယ်ခွင့်မရှိပါ။ ယခုနှစ်အတွက် တန်ဖိုးလျော့ကို နုတ်ပယ်ခွင့်မရှိပါ။ သို့ရာတွင် ယင်းပစ္စည်းအား ရယူပိုင်ဆိုင်ခဲ့သောနှစ်အတွက် တန်ဖိုးလျော့ငွေကို ခံစားခွင့်ရှိသည်။ ၁၉၉၇ခုနှစ်၊ ဧပြီ ၁ရက်နေ့ မတိုင်မီ ယင်းပစ္စည်းအား ရယူပိုင်ဆိုင်ခဲ့ပါက ထိုကာလအတွက် တန်ဖိုးလျော့ငွေကို မနုတ်ရပါ။

## အပိုင်း(ဂ)

ဘဏ္ဍာနှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၁၀၀ ထက် ပိုမှသာ မြတ်စွန်းငွေအပေါ် အခွန်စည်းကြပ်မည်ဖြစ်သည်။ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း အခြေပစ္စည်း၏စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၁၀၀ ထက် ကျော်လွန်ပါက စုစုပေါင်း ပမာဏအပေါ်တွင် (ကျပ်သိန်း ၁၀၀ အပါအဝင်) ဝင်ငွေခွန် ကျသင့်စေမည်ဖြစ်သည်။

## အပိုင်း(ဂ)၊ အလျားကွက်(၄)

### ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများ

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီရှိ အစုရှယ်ယာများ၊ မတည်အပိုင်ပစ္စည်းများသည့် အခြေပစ္စည်းများကို မည်သည့် နည်းလမ်းဖြင့်မဆို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကြောင့် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်လျှင် အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲ၍ ဖော်ပြထားသော အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် ပေးဆောင်ရမည်။

| အခွန်စည်းကြပ်ရမည့်<br>အသားတင်အခြေပစ္စည်းမှမြတ်စွန်းငွေ(ကျပ်) | ဝင်ငွေခွန် (ကျပ်) |
|---|---|
| ၀ – ၁၀၀,၀၀၀,၀၀၀,၀၀၀ | အလျားကွက် ၃ ပမာဏ × ၄၀% |
| ၁၀၀,၀၀၀,၀၀၀,၀၀၁ – ၁၅၀,၀၀၀,၀၀၀,၀၀၀ | ၄၀,၀၀၀,၀၀၀,၀၀၀ + အလျားကွက် ၃ ရှိ ၁၀၀,၀၀၀,၀၀၀,၀၀၀ ကျော် ပမာဏ × ၄၅% |
| ၁၅၀,၀၀၀,၀၀၀,၀၀၁ နှင့် အထက် | ၆၂,၅၀၀,၀၀၀,၀၀၀ + အလျားကွက် ၃ ရှိ ၁၅၀,၀၀၀,၀၀၀,၀၀၀ ကျော် ပမာဏ ၅၀% |

အလျားကွက်(၄)တွင် သတ်မှတ်ရက်တစ်ခုတွင် သို့မဟုတ် ဝင်ငွေနှစ်တစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအားလုံးအတွက် အခွန်ပမာဏကို ဖော်ပြပါ။ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အားလုံးအတွက်အခွန်ကို အဆိုပါ အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းဖြစ်ပေါ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပေးဆောင်ရမည်ဖြစ်သည်။ အခြေပစ္စည်းမှမြတ်စွန်းငွေအား နိုင်ငံခြားငွေဖြင့် ရရှိပါက ကျသင့်ခွန်ကို ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားအတိုင်းပေးဆောင်ရမည်။ သို့ရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများသည်အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် ကျသင့်ခွန်ကို (နိုင်ငံခြားငွေဖြင့်ရရှိသည့် အခြေပစ္စည်းမှမြတ်စွန်းငွေ အပါအဝင်) ကျပ်ငွေဖြင့်သာ ပေးဆောင်ရမည်။

## အပိုင်း(ဂ)၊ အလျားကွက် ၅

**ပေးဆောင်ထားသောကြိုတင်ခွန်စုစုပေါင်း။** သက်ဆိုင်ရာကာလအတွက် ပေးဆောင်ခဲ့သော အခြေပစ္စည်းမှမြတ်စွန်းငွေ ကြိုတင်ခွန်စုစုပေါင်းကို ဤအလျားကွက်တွင် ဖော်ပြပါ။

## အပိုင်း(ဂ)၊ အလျားကွက် ၆

**ယခုနှစ်သို့သယ်ယူလာသော ယခင်နှစ်တွင်ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏ။** ဤနှစ်အခွန်အတွက် အသုံးပြုရန် ဆုံးဖြတ်ထားသော ယခင်နှစ်မှ ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏကို ဤအလျားကွက်တွင်ဖြည့်ပါ။

## အပိုင်း(ဂ)၊ အလျားကွက် ၇

**ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၇ ရှိ ပမာဏသည် ကြေညာလွှာတင်သွင်းသည့်အချိန်တွင် ပေးဆောင်ရမည့် ပေးဆောင်ရန်ကျန်အခွန်ဖြစ်သည်။ အခွန်ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (သို့) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးစသည့် သက်ဆိုင်ရာဌာနသို့ တင်သွင်းရမည်။

အခွန်ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (သို့) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးစသည့် သက်ဆိုင်ရာအခွန်ရုံးသို့ တင်သွင်းရမည်။

ပေးဆောင်ရန်ကျန်အခွန်ကို မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးဆောင်ရမည်။ ဘဏ်မှထုတ်ပေးသော ချလန်ကို မှတ်တမ်းအဖြစ် သိမ်းထားရမည်။ ထို့ပြင် www.ird.gov.mm website မှတစ်ဆင့် MPU ကဒ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိက ဘဏ်ခွဲများမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ Customer Credit Transfer Function (CCT) ကို အသုံးပြု၍ဖြစ်စေ ပေးဆောင်နိုင်ပါသည်။ MPU နှင့် CBM-Net မှတစ်ဆင့်

ပေးဆောင်ခြင်းများအတွက် မြန်မာ့စီးပွားရေးဘဏ်၏ သက်ဆိုင်ရာ ငွေစာရင်းသို့ အခွန်ငွေ လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ပြည်တွင်းအခွန်များဦးစီးဌာနမှ လုံခြုံမှုအဆင့် (QR Code) ပါသော အခွန်ငွေလက်ခံရရှိကြောင်း အကြောင်းကြားစာအား အီးမေးလ်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ ထိုအကြောင်းကြားစာအား ချလန်ကဲ့သို့ပင် မှတ်တမ်းအဖြစ် သိမ်းထားရမည်။

**အပိုင်း(ဂ) ၊ အလျားကွက် ၈**

**ပို၍ပေးဆောင်ထားသောပမာဏ။** အလျားကွက် ၈ ရှိ ပမာဏသည် အခွန်ကြေညာလွှာ တွက်ချက်မှုမှန်ကန်ပြီး ပေးရန်ရှိ အခွန်ငွေလက်ကျန်စာရင်း မရှိပါက နောက်လာမည့် သုံးလပတ်ကာလအတွက် ကြေညာလွှာတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

အခွန်ထမ်းပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့်ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့်ပမာဏထက် ကျော်လွန်နေပါက ယင်းပိုငွေကို ပြန်အမ်းမည်ဖြစ်ပြီး ယင်းသို့ပြန်အမ်းရာတွင် –

(က) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့် သက်ဆိုင်သည့်စည်းကြပ်ပြီးသည့်အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးငွေများကို ခုနှိမ်မည်၊

(ခ) ထို့ပြင် ကျန်ရှိသည့် ပြန်အမ်းငွေပမာဏမှ လာမည့် ၁၂ လအတွင်း အခွန်ထမ်းပေးဆောင်ရမည့်အခွန်တာဝန်ကို ကြိုတင်ခွန်အဖြစ်ခုနှိမ်မည်၊

(ဂ) အထက်ပါ (က)၊ (ခ) နှင့် မဆန့်ကျင်စေဘဲ ပြန်အမ်းရန်ရှိသည့် ပမာဏအားလုံးကို ပြန်အမ်းပေးမည်၊

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာအခွန်ကာလ ကုန်ဆုံးပြီး ၆ နှစ်အတွင်း အခွန်ထမ်းက လျှောက်ထားတောင်းခံခြင်း သို့မဟုတ် ယင်းကာလအတွင်း ညွှန်ကြားရေးမှူးချုပ်က တွေ့ရှိဆောင်ရွက်ခြင်းဖြစ်မှသာ ခွင့်ပြုမည်ဖြစ်သည်။ အခွန်ပိုငွေများကို ပြန်အမ်းငွေအဖြစ် ရယူလိုပါက အလျားကွက် ၈ ရှိ အကွက်တွင် အမှတ်ခြစ်ပါ။

**အပိုင်း(ဃ) ၊ အလျားကွက် ၁ နှင့် ၂**

***ဆက်စပ်အဖွဲ့အစည်း*** ဆိုသည်မှာ သင်၏ မိသားစု ဝင်တစ်ဦးဦးကို ဆိုလိုသည်။ (အဖိုး၊ အဖွား၊ မိဘ၊ သားသမီး၊ ညီအစ်ကို မောင်နှမများ)။ အခွန်ထမ်းမှ အစုရှယ်ယာ အနည်းဆုံး ၅၀% ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီလည်း ပါဝင်သည်။

***ကာလတန်ဖိုးနှင့် အနီးစပ်ဆုံးတူညီသောဈေးနှုန်းဖြင့်ရောင်းချခြင်း*** ဆိုသည်မှာ သွေးသားတော်စပ်မှု မရှိသော ပုဂ္ဂိုလ်များကြား လွပ်လပ်စွာ လွှဲပြောင်း၊ ရောင်းချခြင်းခြင်းဖြစ်သည်။ လွှဲပြောင်းရောင်းချသည့် ဈေးနှုန်းသည် သင့်လျော်မှန်ကန်သည့် ဈေးနှုန်းဖြစ်ကြောင်း သေချာရန် လိုအပ်ပါသည်။

**အပိုင်း(ဃ) ၊ အလျားကွက် ၃**

***ကာလတန်ဖိုး*** ဆိုသည်မှာ သွေးသားတော်စပ်မှု မရှိသော ပုဂ္ဂိုလ်များကြား လွတ်လပ်စွာ လွှဲပြောင်းရာတွင် ထိုလွှဲပြောင်းပစ္စည်းနှင့် အလားတူ ပစ္စည်း၏ လွှဲပြောင်းနေ့ရက်ရှိ တန်ဖိုးကို ဆိုလိုသည်။

## ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

ဤကြေညာလွှာမတင်သွင်းမီ စာမျက်နှာ ၃ ၌ ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ (ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အား ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ သင်၏ ဝန်ထမ်းမှ ဆောင်ရွက်ပါက ဤအပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။

## အခွန်ထမ်း (သို့) ကိုယ်စားလှယ် ၏ ကတိဝန်ခံချက်

ဤကြေညာလွှာကို မတင်သွင်းမီ စာမျက်နှာ ၄ တွင် လက်မှတ်ထိုးရမည်။

- ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါက ထို ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးရမည်။
- သမဝါယမ အသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူး မှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီ ဖြစ်ပါက ကုမ္ပဏီ ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ (သို့) မန်နေဂျာ မှ လက်မှတ်ရေးထိုးရမည်။
- နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းဖြစ်ပါက၊ စီမံရေးရာ(သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။